
ဖြိုးသစ္စာ
မာယာတောမှ တကျာကျွောသို့
လျှို့ဝှက် သည်း ဖို ဝ ထူး တို

အချစ်နဲ့ စတင် တည်ဆောက်ထားတဲ့ ဟောဒီနှလုံးသား စံအိမ်ကြီး ထဲ မှာ မင်းမပျော်မွေ့တော့ လေရော့သလား။ သို့တည်း မဟုတ်၊ မင်း ကျင်လည်း ကျက်စားရာ လိုသုံး အိမ်ဂေဟာကြီး တစ်ခုလို့ ပဲ သတ်မှတ် ထားလေ ရော့သလား။ ဟူး... မသိတော့ပါဘူးလေ၊ ငါကပဲ မရင့်ကျက် သေးတာလည်း ၊ မင်းကပဲ ကျွမ်းကျင် လိမ္မာလွန်းနေ သည် လားကို တော့။ နွေးထွေးတဲ့ အိမ်ထောင်စု တစ်ခုအတွက် နွေးထွေးတဲ့ ကြင်နာ ယုယချင်းတွေ မင်းမှာ ကုန်ခန်း သွားခဲ့ပြီ ဆိုရင်လည်း ၊ ကိုယ့်လိုလူကို လိမ်ညာပြီး မာယာတွေ မသုံးတော့ပါနဲ့ လား ထိပ်ထားရယ်၊ မင်းကလွဲ ပြီး ဘယ်သူမှ မရှိဘူးဆိုတဲ့ ကိုယ့်နှလုံးသား တစ်စုံက အတုအယောင် တွေ ကြားမှာ အထိန်းအကွပ်မဲ့ ခြင်းတွေနဲ့ အတူ၊ ဆန္ဒကို သိက္ခာဖြင့် မ ထိန်းဘဲ၊ ရိက္ခာအဖြစ်သာ အသုံး ချလိုက်မိမည်ဆိုလျှင် ကိုယ်တို့ နှစ် ယောက် တည်ဆောက်ထားတဲ့ အချစ်စံအိမ်လေး တစ်ခုဟာ အတိတ်မှ ပုံပြင်တစ်ပုဒ် အနေနဲ့ သာ ထင်ကျန်ရစ်ခဲ့ တော့မှာ ပေါ့ ထိပ်ထားရယ် ...

**သူရိန်**

လွတ်လပ်မှုမရှိတဲ့ အိမ်ထောင်ဆိုတဲ့ လှောင်အိမ်ကြီးထဲမှာ ပဲ နေနေ ရတာ ပျင်းလှပြီး ကိုသူရိန်၊ လူတစ်ကိုယ် စိတ်တစ်မျိုးရှိတဲ့ အတွက်၊ လွ

တ်လပ်စွာနဲ့ အသက်ရှင် နေထိုင် သွားချင်သေးတယ်၊ ဟိုမသွားနဲ့ ဒီမ သွားနဲ့ မချုပ်ချယ်ပါနဲ့ ၊ ကိုယ့်ဝါသနာ ပါရာကိုတော့ မစွန့်လွှတ်နိုင်ဘူး၊ ဒီအရွယ်ဟာ တရားဘာဝနာ အားထုတ်ပြီး ရိပ်သာ သွားနေရမဲ့ အရွယ် မှ မဟုတ်သေးတာ၊ အရာအားလုံးကို စွန့်လွှတ်ပြီး တည်ငြိမ်လာတဲ့ တစ်နေ့အထိ ရှင်စောင့်နေဦးမယ် ဆိုရင်တော့ အသက်သာကြီး သွားလိမ့် မယ် ဘာမှ ပြောင်းလွဲသွားမှာ မဟုတ်ဘူး ကိုသူရိန်....

**လှိုင်ထိပ်ထား**

***

သူငယ်ချင်း သံယောဇဉ်ကို မငဲ့ကွက် မထောက်ထားလို့ မဟုတ်ခဲ့ပါ ဘူး။ ဒုက္ခ ရောက်နေချိန်မှာ တော့ ကမ္ဘာမီးလောင် သားကောင်ချနင်းမို့ ငါ့ကို နားလည်ခွင့်လွှတ်ပေးပါ သူရိန်ရယ်... မာယာတွေသုံးပြီး တဏှာ ကျော်မှာ မျှော်ပါဖို့ ဆွဲဆောင် သိမ်းသွင်းခဲ့တာ မဟုတ်ခဲ့ရပါဘူး၊ ငါချစ်ရတဲ့ ယောက်ျားအတွက် ငါဘာမဆို ရင်ဆိုင် ဖြေရှင်းမယ်လို့ ဆုံးဖြတ် ထားခဲ့မိလို့ ပါ ....

**အေးသီတာ**

***